# EURO SPORTS

JOURNAL
VOL.6, NO.12 SUNDAY (5. 6. 2016)



# မြန်မာတို့ရဲ့ နံ့နက်ခင်းကို အသက်သွင်းပေးမယ့် ရာပြည့် ကိုပါအမေရိကပြိုင်ပွဲကြီး စပြီ

**၂၀၁၆ ကိုပါအမေရိပြိုင်ပွဲ၏ အုပ်စုအဖွင့်ပွဲစဉ်များ**

| | |
|---|---|
| အမေရိကန် - ကိုလံဘီယာ | ဂျမေကာ - ဗင်နီဇွဲလား |
| ကော်စတာရီကာ - ပါရာဂွေး | မက္ကဆီကို - ဥရုဂွေး |
| ဟေတီ - ပီရူး | ပနားမား - ဘိုလီးဗီးယား |
| ဘရာဇီး - အီကွေဒေါ် | အာဂျင်တီးနား - ချီလီ |

နေ့စဉ်အားကစားသတင်းများကို www.facebook.com/EuroSportsJournal တွင် ဖတ်ရှုနိုင်ပါသည်။

EURO SPORTS JOURNAL

# အွန်လိုင်းပေါ်မှာ ပေါ်ပြူလာဖြစ်လာတဲ့ ရီးရဲလ်ပရိသတ်



၂၀၁၅ တင်သားအလှမယ် ဆူဇီကော်တက်ဇ်ဟာ ဘာစီလိုနာအသင်းနဲ့ပတ်သက်လို့ အပေ်ာအချွတ်ဓာတ်ပုံတွေကြောင့် ကမ္ဘာ့မီဒီယာတွေရဲ့စာမျက်နှာအထက်မှာ မကြာခဏနေရာရရှိခဲ့ပါတယ်။ အခုဆိုရင် ရီးရဲလ်ပရိသတ်တစ်ဦးဖြစ်တဲ့ မော်ဒယ်မာသာဆိုဆာဟာလည်း ဆူဇီကော်တက်ဇ်လိုပဲ အပေ်ာအချွတ်ပုံတွေကြောင့် လူမှုကွန်ယက်ပေါ်မှာ အတော်လေးပေါ်ပြူလာဖြစ်လာခဲ့ပါပြီ။ သူမဟာ လူမှုကွန်ယက်စာမျက်နှာတွေပေါ်မှာ ရီးရဲလ်အသင်းဂျာစီအင်္ကျီနဲ့အတူ Sexy ဓာတ်ပုံတွေကို ဆက်တိုက်ဖော်ပြခဲ့တာကြောင့် သူမရဲ့လူမှုရေးအကောင့်မှာ အားပေးသူပရိသတ်အရေအတွက်က အံ့အားသင့်ဖွယ်မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ သူမရဲ့ Twitter စာမျက်နှာမှာ Followers အရေအတွက်က ၂၅,၀၀၀ ကျော်လာခဲ့ပြီဖြစ်သလို Instagram စာမျက်နှာမှာလည်း Followers အရေအတွက်က ၃၃,၀၀၀ ရှိလာခဲ့ပြီဖြစ်ပါတယ်။ မာသာဆိုဆာကသူမဟာ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ပရိသတ်တစ်ဦးလို့ ကြေညာထားပြီး စီရော်နယ်ဒိုရဲ့အမာခံပရိသတ်တစ်ဦးဖြစ်တယ်လို့လည်း ဆိုပါတယ်။ နိုင်ငံအသင်းအနေနဲ့တော့ ပါရာဂွေးက သူမအားပေးတဲ့အသင်းပါပဲ။



# အနမ်းတစ်ပွင့်ရဲ့ချစ်သက်သေ

ပြီးခဲ့တဲ့ ၂၀၁၆ ချန်ပီယံလိဂ်ဗိုလ်လုပွဲတုန်းက ကာရက်စ်ကိုသွင်းယူပေးခဲ့တဲ့ ချေပဂိုးဟာ အက်သလက်တီကိုအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းခဲ့တဲ့သွင်းဂိုးတစ်ဂိုးပါပဲ။ ကာရက်စ်ကိုဟာလည်း ဒီဂိုးသွင်းယူပြီးတဲ့နောက် အတော်လေးပျော်ရွှင်ခဲ့ပြီး ပရိသတ်တွေရှိရာဆီ ပြေးလွှားလို့ ကောင်မလေးတစ်ဦးကို အနမ်းတစ်ပွင့်လက်ဆောင်ပေးခဲ့ပါတယ်။ တကယ်တော့ ကာရက်စ်ကိုရဲ့ဒီအနမ်းတစ်ပွင့်ဟာ အချစ်သက်သေတစ်ခုလည်းဖြစ်ခဲ့ပါတယ်။ အရင်တုန်းက ကာရက်စ်ကိုရဲ့ချစ်သူ ဘယ်သူဆိုတာကို ဘယ်သူမှ မသိခဲ့ပေမယ့် ဒီဗိုလ်လုပွဲမှာတော့ ပရိသတ်တွေအားလုံး ကာရက်စ်ကိုရဲ့ချစ်သူကို သိရှိလိုက်ရပါပြီ။ ဒီကောင်မလေးရဲ့အမည်ကတော့ နိုမီဟက်ပက်ဖြစ်ပြီး သူမဟာ ၂၀၁၃ ဘယ်လ်ဂျီယံမယ်တစ်ဦးပဲဖြစ်ပါတယ်။ အသက် ၂၂နှစ်အရွယ်ရှိ နိုမီဟက်ပက်ဟာ အဲဒီ ၂၀၁၃ တုန်းက မယ်ကမ္ဘာနဲ့ မယ်စကြဝဠာပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်လို့ ဘယ်လ်ဂျီယံမှာ ပေါ်ပြူလာဖြစ်နေသူပါ။ မယ်တစ်ဦးအဖြစ် လူသိများသလို သူမရဲ့ပညာအရည်အချင်းကလည်း ဆေးကျောင်းသူတစ်ဦးဖြစ်တာမို့ ကာရက်စ်ကိုနဲ့ အင်မတန်လိုက်ဖက်မှုရှိတဲ့ ချစ်သူကောင်မလေးရယ်လို့ အက်သလက်တီကိုပရိသတ်တွေနဲ့ ဘယ်လ်ဂျီယံပရိသတ်တွေက ချီးကျူးခဲ့ကြပါတယ်။



# နည်းပြကြီးဖြစ်လာတဲ့ အဒမ်ဂျွန်ဆင်

အင်္ဂလန်နဲ့ ဆန်းဒါးလန်းကစားသမားဟောင်း အဒမ်ဂျွန်ဆင်ဟာ လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်ခဲ့တာကြောင့် လက်ရှိမှာထောင်ဒဏ် ၆နှစ်ပြစ်ဒဏ်နဲ့အတူ ထောင်အတွင်း အကျဉ်းချခံနေရပါတယ်။ ဒါကြောင့် သူ့ဝါသနာပါတဲ့ ဘောလုံးကစားရေးဆိုတာ အိပ်မက်တစ်ခုဖြစ်ခဲ့ရပြီလို့ ထင်မှတ်ချင်စရာပါ။ ဒါပေမဲ့ အခုတော့ အဒမ်ဂျွန်ဆင်တစ်ယောက် နည်းပြဖြစ်နေပြီလို့ သတင်းတွေက ဖော်ပြလာခဲ့ပါတယ်။ ဟုတ်ပါတယ်။ အဒမ်ဂျွန်ဆင်ဟာ နည်းပြကြီးတစ်ဦးဖြစ်နေပါပြီ။ ဒါပေမဲ့ ထောင်ကလွတ်ပြီး ပြင်ပမှာ နည်းပြဖြစ်နေတာတော့မဟုတ်ဘဲ ထောင်အတွင်းက ဘောလုံးအသင်းကိုကိုင်တွယ်တဲ့နည်းပြတစ်ဦးပါပဲ။ ထောင်အတွင်းမှာ ပြစ်ဒဏ်ကျခံနေရသူတွေကို ဘောလုံးကစားခွင့်ပြုထားရာမှာ အဒမ်ဂျွန်ဆင်က အသင်းတစ်သင်းရဲ့နည်းပြအဖြစ်ဆောင်ရွက်နေတာပါ။ အသက် ၂၈နှစ်အရွယ်ရှိ အဒမ်ဂျွန်ဆင်ကိုင်တွယ်နေတဲ့ ဘောလုံးအသင်းမှာ ပါဝင်နေသူတွေကတော့ သူ့လိုမျိုးလိင်ပိုင်းဆိုင်ရာကိစ္စကြောင့် ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်ခံထားရသူတွေဖြစ်တယ်လို့လည်း သိရပါတယ်။



သက္ကရာဇ်ဦး
ရေးသားသည်

DSDS-Anita soll 250000 Euro von Calhanoglu gefordert haben

# ယူရို ၂၅၀,၀၀၀ တန်တဲ့ ကယ်ဟာနိုဂလူရဲ့ ရက်စက်မှု

အခုရက်ပိုင်းအတွင်း တူရကီမှာ နာမည်ကြီးနေတာကတော့ လေဗာကူဆင်နဲ့တူရကီကွင်းလယ်ကစားသမား ကယ်ဟာနိုဂလူရဲ့လူမှုရေးအရှုပ်အထွေးပြဿနာပါပဲ။ အသက် ၂၂နှစ်အရွယ်ရှိ ကယ်ဟာနိုဂလူကို မော်ဒယ်တစ်ဦးဖြစ်တဲ့ အနီတာလာတီဖာဆိုတဲ့ ကောင်မလေးက လျော်ကြေးအဖြစ် ယူရို ၂၅၀,၀၀၀ ပေးဖို့ တောင်းဆိုလိုက်တဲ့သတင်းပါပဲ။ အဲဒီနောက်မှာ ဒီကောင်မလေးအနေနဲ့ ကယ်ဟာနိုဂလူဆီက ဘာကြောင့် ဒီငွေတောင်းရသလဲဆိုတာကို အားလုံးက သိချင်လာကြပါတယ်။ ဇစ်မြစ်လိုက်ကြည့်တဲ့အခါမှာတော့ အသက် ၂၀အရွယ်ရှိ အနီတာလာတီဖာဟာ ကယ်ဟာနိုဂလူကြောင့် အတော်လေးနစ်နာခဲ့ရသလို သူမရဲ့ရင်သွေးလေးကိုလည်း ဆုံးရှုံးခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ၂နှစ်တုန်းက ကယ်ဟာနိုဂလူတစ်ယောက် ဟမ်းဘတ်အသင်းမှာ ကစားနေစဉ် အနီတာလာတီဖာနဲ့ ချစ်ကြိုက်ခဲ့တာဖြစ်ပြီး အဲဒီအတောအတွင်းမှာ အနီတာလာတီဖာတစ်ယောက် ကယ်ဟာနိုဂလူရဲ့ကိုယ်ဝန်ကို ရရှိခဲ့တယ်လို့ သိရပါတယ်။ သူမက ဒီကိုယ်ဝန်ကို အလိုရှိခဲ့ပေမယ့် ကယ်ဟာနိုဂလူကတော့ ဒီကိုယ်ဝန်ကို မလိုချင်ခဲ့ဘဲ ဖျက်ချဖို့အတွက် သူမကိုတိုက်တွန်းခဲ့တယ်လို့ အနီတာလာတီဖာက ဆိုပါတယ်။ သူတို့ ၂ဦးရဲ့ဇာတ်လမ်းနဲ့ပတ်သက်လို့ အနီတာလာတီဖာက “ကျွန်မနဲ့ ကယ်ဟာနိုဂလူဟာ ပါတီပွဲတစ်ခုမှာ တွေ့ဆုံခဲ့ကြတာပါ။ ကျွန်မတို့ ၂ဦး ချစ်ကြိုက်ခဲ့ပြီးနောက် ကျွန်မမှာ ကိုယ်ဝန်ရှိလာပါတယ်။ ကျွန်မက ဒီကိုယ်ဝန်ကို အလိုရှိခဲ့ပေမယ့် ကယ်ဟာနိုဂလူကတော့ ဖျက်ချစေချင်ခဲ့ပါတယ်။ သူက ကျွန်မကို ရိုက်နှက်ခဲ့လို့ ကိုယ်ဝန်ကိုထိခိုက်ခဲ့ပြီး နောက်တစ်နေ့မှာ ဆေးရုံမှာသွားရောက်စစ်ဆေးတဲ့အခါမှာတော့ ကျွန်မအနေနဲ့ ကလေးကိုဆုံးရှုံးလိုက်ရပြီလို့ ဆရာဝန်တွေက ပြောပါတယ်”လို့ ဖွင့်ဟခဲ့ပါတယ်။

၂၀၁၆ ချန်ပီယံလိဂ်ဗိုလ်လုပွဲကတော့ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ ၁၁ကြိမ်မြောက်ဖလားဆွတ်ခူးမှုနဲ့ ပြီးဆုံးသွားခဲ့ပါပြီ။ ရီးရဲလ်အသင်းနဲ့ ပရိသတ်တွေအတွက် အင်မတန်ပျော်စရာဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာတော့ ဒီဗိုလ်လုပွဲကြောင့် ရီးရဲလ်ပရိသတ်အချို့အသက်စတေးခံရမှုတွေရှိခဲ့တယ်လို့ မီဒီယာတွေက ဝမ်းနည်းဖွယ်ရာဖော်ပြခဲ့ကြပါတယ်။ အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့မှာ ဒီဗိုလ်လုပွဲကြောင့် လူ ၁၂ဦးသေဆုံးတဲ့ဖြစ်ရပ် ဖြစ်ပွားခဲ့တာလည်းဖြစ်ပါတယ်။ ဒီဗိုလ်လုပွဲကိုကြည့်ရှုခဲ့တဲ့ပရိသတ်တွေကို ဘာသာရေးအစွန်းရောက်အကြမ်းဖက်အဖွဲ့ အစည်းတစ်ခုဖြစ်တဲ့ IS အဖွဲ့က သေနတ်နဲ့ဝင်ရောက်ပစ်ခတ်မှုပြုလုပ်ခဲ့တဲ့အတွက် လူ ၁၂ဦး သေဆုံးသွားခဲ့ရပါတယ်။ ဒါ့အပြင် ဂါနာနိုင်ငံမှာလည်း ဒီပွဲကိုကြည့်ရှုတဲ့ပရိသတ်တွေကို အမည်မသိသေနတ်သမားတွေက ဝင်ရောက်ပစ်ခတ်ခဲ့တာကြောင့် တစ်ဦးသေပြီး ဒဏ်ရာရသူတွေရှိခဲ့တယ်လို့ မီဒီယာတွေက ဖော်ပြသွားခဲ့ပါတယ်။ အီရတ်မှာကတော့ အခုဖြစ်ရပ်က ပထမဆုံးအကြိမ်မဟုတ်ခဲ့ဘဲ မကြာသေးမီတုန်းကလည်း ရီးရဲလ်ပရိသတ် ၁၃ဦးသေဆုံးခဲ့ရဖူးပါတယ်။ ပြီးခဲ့တဲ့ မေလ ၁၃ရက်နေ့တုန်းက အီရတ်နိုင်ငံ၊ ဆာမာရာမြို့မှာ ဖြစ်ပွားခဲ့တဲ့ ဒီဖြစ်ရပ်မှာလည်း ရီးရဲလ်ရဲ့ပွဲစဉ်ကိုကြည့်ရှုခဲ့တဲ့ပရိသတ်တွေထဲက ၁၃ဦးဟာ သေနတ်သမားတွေရဲ့လက်ချက်ကြောင့် သေဆုံးခဲ့ရတာပါ။ အဲဒီတုန်းက ရီးရဲလ်အသင်းဟာ ဒီပို့နဲ့ပွဲမှာ ဝမ်းနည်းကြောင်းပြသမှုတွေပြုလုပ်ခဲ့ပါတယ်။

# ချန်ပီယံလိဂ်ဗိုလ်လုပွဲနောက်ကွယ်က အသက်စတေးခံရမှုများ




ကိုအောင်ဘိုဘို
ရန်ကုန်
ကိုကြည်ဆွေ
မကွေး
ပထမဆုံးကံထူးရှင်
၂ဦးထွက်ပေါ်လာပါပြီ
ရွှေ ၇ ကျပ်သားကံထူးရှင်
သင်လည်းဖြစ်နိုင်တယ်နော်
ဆင့်နွှဲလန်းဆန်း
နဲ့ကံစမ်း

